**သမတအိမ်တော်၊ ရန်ကုန်မြို့။**

**၁၉၄၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများရပ်ဆိုင်းထားခြင်း တချက်လွှတ်ဥပဒေ ပုဒ်မ ၁၊ အပိုဒ်(၂) အရ၊ ထုတ်ပြန်ကျေညာချက်။**

**၁၉၄၈ ခုနှစ်၊ ထုတ်ပြန်ကျေညာချက်အမှတ် ၅။**

**၁၃၁၀ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်။**

**(၁၉၄၈ ခု၊ နိုဝင်ဘာလ ၁၂ ရက်။)**

စစ်တွေခရိုင်အတွင်းရှိ၊ ဘူးသီးတောင်ဆပ်ဒီဗီဇံနယ်အတွင်း အရေးတကြီးဖြစ်လာသော အခြေအနေရှိသဖြင့်၊ ပြည်သူ့လုံခြုံမှုအတွက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၅ ရှိ၊ ပုဒ်မခွဲ (၃) ပါ၊ ပြဋ္ဌာန်းချက်များအရခံစားရသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများကို ရပ်ဆိုင်းထားရန်လိုအပ်သည်ဟု၊ နိုင်ငံတော်သမတ၊ ကျွန်ုပ်စဝ်ရွှေသိုက်က၊ သဘော ကျေနပ်သည်ဖြစ်၍၊ ၎င်းဖော်ပြပါနယ်မြေများတွင် ၁၉၄၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများရပ်ဆိုင်းထားခြင်း တချက်လွှတ်ဥပဒေအာဏာတည်စေရ မည်ဟု၊ နိုင်ငံတော်သမတ၊ ကျွန်ုပ်စဝ်ရွှေသိုက်က ထုတ်ပြန်ကြော်ငြာလိုက်သည်။

စဝ်ရွှေသိုက်၊<br>
နိုင်ငံတော်သမတ၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။

ရန်ကုန်မြို့ ၁၃၁၀ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်။<br>
(၁၉၄၈ ခု၊ နိုဝင်ဘာလ ၁၂ ရက်။)

အမိန့်အရ၊<br>
ရွှေဘော်၊<br>
နိုင်ငံတော်သမတအတွင်းဝန်။<br>
[အမှတ် ၂၃၀]